အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်များအပေါ်

မိမိကလေးအပေါ် ကရုဏာထားသော ဤအမျိုးသမီးထက် ပို၍

သနားကရုဏာ ထားတော်မူသည်" ဟု မိန့်ကြားတော်မူခဲ့သည်။

အုမရ် ဗင်န် ခသ်သွာဗ် (عنه الله رضي(ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ (ဟဝါဇင်န်မျိုးနွယ်မှ)
သုံ့ပန်းအကျဥ်းသားများ ရောက်လာခဲ့ကြသည်။ ထိုသုံ့ပန်းများတွင်
အမျိုးသမီးတစ်ဦးသည် သူမရဲ့ရင်သားမှ နို့များယိုစီးကျလျက်ရှိနေလေသည်။ သူမသည်
သုံ့ပန်းများအနက်မှ (မိမိ၏)ကလေးကို တွေ့ရှိသောအခါ ထိုကလေးကိုယူလိုက်ပြီး
သူမ၏ဝမ်းဗိုက်နှင့်ကပ်ထားလျက် နို့တိုက်ကျွေးခဲ့သည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ကျွန်ုပ်တို့အားမိန့်ကြားတော်မူသည်မှာ- "ဤအမျိုးသမီးသည် မိမိကလေးကို မီးထဲသို့ ပစ်ချမည်ဟုအသင်တို့ထင်မြင်ယူဆကြသလော"။ ကျွန်ုပ်တို့က " ထိုသို့ထင်မြင်ယူဆခြင်းမရှိပါ။
သူမသည် ကလေးငယ်အား သူမတတ်စွမ်းသရွေ့ ပစ်ချမည် မဟုတ်ပါ" ဟု လျှောက်ထားခဲ့ကြသည်။
ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က "အလ္လာဟ်အရှင်မြတ်သည်
မိမိကျွန်များအပေါ် မိမိကလေးအပေါ် ကရုဏာထားသော ဤအမျိုးသမီးထက် ပို၍ သနားကရုဏာထားတော်မူသည်" ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [متفق عليه]

နဗီတမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ ဟဝါဇင်န်မျိုးနွယ်စုမှဖမ်းဆီးရမိထားသောသုံ့ပန်းများအား ခေါ်ဆောင်လာခဲ့သည်။ ထိုသူများတွင်မိမိ၏ကလေးငယ်ကို ရှာဖွေနေသော အမျိုးသမီးတစ်ဦးလည်း ပါဝင်ခဲ့သည်။ သူမသည်ကလေးငယ်တစ်ဦးဦးကို တွေ့သည့်အခါတိုင်း သူမ၏ရင်သားတွင်နို့ရည်ပြည့်လျှံနေမှုကြောင့် မသက်မသာဖြစ်ကာ(ရင်သားနာကျင်မှုကို) သက်သာစေရန် ယူပြီးနို့တိုက်ကျွေးခဲ့သည်။ နောက်ဆုံးတွင် သူမသည် ဖမ်းဆီးရမိထားသူများအုပ်စုအတွင်းမိမိ၏ကလေးငယ်ကို တွေ့ရှိခဲ့ပြီး ယူဆောင်ကာ ဝမ်းဗိုက်နှင့်ကပ်ထားလျက်နို့တိုက်ခဲ့သည်။ ထိုအခါ နဗီတမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်မိမိ၏စွဟာဗဟ်သာဝကများအား ဤအမျိုးသမီးသည် မိမိကလေးကို မီးထဲသို့ ပစ်ချမည်ဟုအသင်တို့ထင်မြင်ယူဆကြသလော ဟု မေးမြန်းတော်မူခဲ့သည်။ ကျွန်ုပ်တို့က "သူမသည်မိမိ၏ကလေးငယ်ကို တတ်စွမ်းသရွေ့ပစ်ချမည် မဟုတ်ပါ" ဟု ဖြေကြားခဲ့သည်။ ထိုအခါတမန်တော်မြတ်က "အလ္လာဟ်အရှင်မြတ်သည် မိမိ၏ မုစ်လင်မ်ကျေးကျွန်များအပေါ်မိမိကလေးအပေါ် ကရုဏာထားသော ဤအမျိုးသမီးထက် ပို၍ သနားကရုဏာ ထားတော်မူသည်" ဟုမိန့်ကြားတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/10095